# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 4 , 2024 Volume 83, Number 4


၄.၁၀.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၅. ၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၈.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၆၅.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၃၆.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၉.၂၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၀၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၇၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၇.၆၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၅၅၉ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မိတ္ထီလာဈေးကွက်တွင် ကြက်သွန်နီ ဈေးငြိမ်နေသော်လည်း နယ်တင်ပို့မှုများ



မိတ္ထီလာဈေးကွက်တွင် စက်တင်ဘာလနောက်ဆုံးပတ်၌ ကြက်သွန်နီဈေးငြိမ်နေသော်လည်း နယ်ဝေးတင်ပို့မှုပိုလာကြောင်း သိရသည်။

မိတ္ထီလာဈေးကွက်အနေနှင့် ရန်ကုန်၊ ပဲခူး၊ တာချီလိတ်၊ မော်လမြိုင်မြို့များသို့ ပြည်တွင်းဝယ်လက်များ ပုံမှန်ရှိပြီး ပြည်ပဈေးကွက်အနေနှင့် တရုတ်သို့ တာချီလိတ်လမ်းကြောင်းမှလည်းကောင်း၊ ထိုင်းသို့မော်လမြိုင်၊ မြဝတီလမ်းကြောင်းမှလည်းကောင်း တင်ပို့လေ့ရှိရာ စက်တင်ဘာလ စတုတ္ထပတ်တွင် ဗီယက်နမ်ဝယ်လိုအားရှိသည့်အတွက် ရန်ကုန်မှတစ်ဆင့်သင်္ဘောဖြင့်တင်ပို့မှုမှ ဝယ်လိုအားရှိကြောင်းသိရသည်။

တစ်ပတ်အတွင်း မိတ္ထီလာမြို့မှ ပဲခူးသို့ ၆ ဘီးကား ၄ စီးဖြင့် ကုန်ချိန် ၁၄၀၀၀ ပိဿာဝန်းကျင်ကို အခြားကုန်များနှင့်ရော၍ တင်ပို့ရာကုန်တင်ခမှာ တစ်ပိဿာ ၂၀၀ ရှိသည်။ တာချီလိတ်သို့ ၁၂ ဘီးကား ၄ စီးဖြင့် ကုန်ပိဿာ ၄၀,၀၀၀ ဝန်းကျင်ကို ကုန်တင်ခ တစ်ပိဿာ ၅၀၀ ဖြင့် တင်ပို့ခဲ့ပြီး ရန်ကုန်မှဗီယက်နမ်သို့ တင်ပို့ရန် ၁၂ ဘီးကား ၈ စီးဖြင့် ကုန်ချိန် ပိဿာ ၈၀,၀၀၀ ကို သင်္ဘောတင်အမီ အမြန်ကြေး ကုန်တင်ခ တစ်ပိဿာ ၃၀၀ ဖြင့်တင်ပို့ခဲ့ကြောင်း သိရသည်။

တင်ပို့မှုများလာသော်လည်း ကြက်သွန်နီဈေးမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးငြိမ်နေပြီး လက်ကားဈေးတစ်ပိဿာ ၁၉၀၀-၂၀၀၀ ကျပ်ရှိကြောင်း ဈေးကွက်မှ သိရသည်။

**Source : DOCA(မန္တလေး)**

https://www.doca.gov.mm/

## ပို့ကုန်ပဲများ ဈေးငြိမ်နေသော်လည်း အသစ်ဝင်မိုးမြေပဲဆန်နှင့် နှမ်းမျိုးစုံဈေးကျဆင်းနေ



ပို့ကုန်ပဲများ ဈေးငြိမ်နေသော်လည်း အသစ်ဝင် မိုးမြေပဲနှင့် နှမ်းမျိုးစုံ ဈေးကျဆင်းနေကြောင်း ပဲ၊နှမ်းကုန်သည်များထံက သိရသည်။

ပို့ကုန်ပဲများနှင့် ပြည်တွင်းသုံး ကုလားပဲအုပ်စု ဈေးတက်ဈေးကျ အနည်းငယ်နှင့်သာ အရောင်းအဝယ် အနည်းငယ် အေးနေသည်။

အောက်တိုဘာလဆန်းပိုင်းမှာ ပြည်တွင်းရွှေဈေးနှင့် ဒေါ်လာဈေးများကျဆင်းလာသော်လည်း ပဲ၊ နှမ်း ဈေးကွက်မှာ ပို့ကုန်ပဲများနှင့် ပြည်တွင်းသုံးကုလားပဲများမှာ ဈေးတည်ငြိမ်နေကြောင်း၊ ပြည်တွင်းသုံး ပဲမာလိုင်းများမှာလည်း လက်ကျန်နည်းလာကာ ပဲသစ်စိုက်ပျိုးချိန်ဖြစ်သောကြောင့် ဈေးကျဆင်းမှုမရှိသော်လည်း အရောင်းအဝယ်အေးနေကြောင်း မန္တလေးအောက်ပိုင်းဒေသများမှာ မိုးမြေပဲအသစ် ဝင်ရောက်မှု များလာသဖြင့် မြေပဲလုံးဆန်ဈေးများ ကျဆင်းသလို မြေပဲဆီဈေးများလည်း လိုက်ပါကျဆင်းနေကြောင်း မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

" ပြည်တွင်းသုံးကုလားပဲတွေက ဈေးနည်းနည်းတက် နည်းနည်းကျနဲ့ အရောင်းအဝယ်အေးနေပါတယ်။ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံးက လက်ကျန်ပဲမာလိုင်းတွေကဈေးမတက်ဘဲဈေးငြိမ်နေပါတယ်။ ပို့ကုန်ပဲက အရောင်းအဝယ်အသံမကြားရပါဘူး။ မြေပဲဆန်တွေကတော့ အရည်အသွေးကောင်းတဲ့ နွားထိုးကြီး မြေပဲဆန်တောင် တစ်ပိဿာ ၇၀၀၀ ဝန်းကျင်သာ ပေါက်ဈေး ရှိပါတယ်။ မန္တလေးအောက်ပိုင်းနယ်စုံက မိုးမြေပဲဆန်တွေအဝင်များနေတော့ဈေးကျဆင်းပါတယ်။ မြေပဲဆန်ဈေးကျဆင်းတော့ မြေပဲဆီလည်း ဈေးကျဆင်းလာပါတယ်။လက်ရှိမှာ ဒေါ်လာဈေး ရွှေဈေးတွေ ကျဆင်းနေပေမဲ့ ပဲ၊နှမ်းဈေးကွက်မှာတော့ လက်ကျန် ပဲတွေ နည်းလာတော့ ဈေးကငြိမ်နေပါတယ် " ဟု ၎င်းကပြောသည်။

အောက်တိုဘာ ၃ ရက်တွင် ပို့ကုန်မတ်ပဲ တစ်အိတ်လျှင် ကျပ် ၃၈၀,၀၀၀၊ ပဲစင်းငုံ တစ်အိတ်လျှင်ကျပ် ၄၅၀,၀၀၀-၄၆၀,၀၀၀ ပေါက်ဈေး ဖြစ်လာသည်။ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ကျပ် ၂၄၅,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဆက်လက်ဈေးမြင့်တက်လာရာ စက်တင်ဘာ ၂၆ ရက်တွင် ကုလားပဲ V2 တစ် အိတ်လျှင် ကျပ် ၃၁၃,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ကျပ် ၃၅၀,၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ကျပ် ၂၈၅,၀၀၀၊ 929 ကုလားပဲ တစ်အိတ်လျှင် ကျပ် ၂၉၅,၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ လက်ကျန်နည်းလာပြီး ပဲကြီးတစ်အိတ်လျှင် ကျပ်၂၉၅,၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ကျပ် ၄၂၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ကျပ် ၃၅၀,၀၀၀၊ ကွန်းစားတော်ပဲ တစ်အိတ်လျှင် ကျပ် ၃၉၀,၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ်လျှင် ကျပ် ၅၇၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ကျပ် ၈၀၀၀-၈၃၀၀၊ မျိုးမြေပဲ ၈၅၀၀- ၉၃၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းမြေပဲဆန်ဈေးကွက်မှာ မန္တလေးဈေးကွက်တွင် နယ်စုံမှ မိုးမြေပဲများ အဝင်များနေသောကြောင့် အနည်းငယ်ဈေးကျဆင်းသလို ပြည်တွင်းပဲဆီဈေးနှုန်းလည်း လိုက်ပါကျဆင်းလာရာ မြေပဲဆီတစ်ပိဿာလျှင် ကျပ် ၁၅,၀၀၀ သာပေါက်ဈေးရှိတော့သည်။

အောက်တိုဘာ ၃ ရက်တွင် နှမ်းမျိုးစုံ အရောင်းအဝယ်ပုံမှန်သာရှိနေရာ နှမ်းဖြူ(ရိုးရိုး) ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၃၈၀,၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၄၃၀,၀၀၀–၄၄၀,၀၀၀၊ နှမ်းညို ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၃၅၀,၀၀၀၊ နှမ်းနက်(စမုန်) ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၅၇၀,၀၀၀–၅၈၀၀၀၀၊ အက်စစ်လွတ် တစ်အိတ်လျှင် ကျပ် ၆၃၅,၀၀၀–၆၄၀,၀၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ညှော်မထဆန် (မနောသုခ)(ဟောင်း) ဈေးတက်၍ ဆန်ကွဲ၊ ဖွဲနု ဈေးများကျဆင်းလျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် စပါးဈေးကောင်း၍ တောင်သူများ အကျိုးအမြတ်ရှိပြီး ဆန်ဈေးကွက်အနေဖြင့် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအား အနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ဆန်မျိုးစုံ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ၂၆.၉.၂၀၂၄ ရက်တွင် ညှော်မထဆန် (မနောသုခ)(ဟောင်း) တစ်အိတ် ၈၅,၀၀၀ ကျပ်၊ ညှော်မထဆန်(မနောသုခ) (သစ်) တစ်အိတ် ၇၅,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန် တစ်အိတ် ၁၃၀,၀၀၀ ကျပ်၊ ဆန်ကွဲ B (1,2) တစ်အိတ် ၆၅,၀၀၀ ကျပ်၊ ဆန်ကွဲ B (2,3,4) တစ်အိတ် ၆၁,၀၀၀ ကျပ် နှင့် ဖွဲနုတစ်အိတ် ၁၈,၀၀၀ ကျပ် တို့ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့သည်။

၃.၁၀.၂၀၂၄ ရက်တွင် ညှော်မထဆန် (မနောသုခ) (ဟောင်း) တစ်အိတ် ၉၀၀၀၀ ကျပ်၊ ညှော်မထဆန်(မနောသုခ)(သစ်) တစ်အိတ် ၇၅,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန် တစ်အိတ် ၁၃၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(1,2) တစ်အိတ် ၆၀,၀၀၀ ကျပ်၊ ဆန် ကွဲ B (2,3,4) တစ်အိတ် ၅၅,၀၀၀ ကျပ် နှင့် ဖွဲနုတစ်အိတ် ၁၆,၂၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် ကာလတူနှိုင်းယှဉ်ချက်အရ ညှော်မထဆန်(မနောသုခ)(ဟောင်း) တစ်အိတ် ၅၀၀၀ ကျပ် ဈေးနှုန်းမြင့်တက်၍ ဆန်ကွဲ B (1,2) တစ်အိတ် ၅၀၀၀ ကျပ်၊ ဆန်ကွဲ B (2,3,4) တစ်အိတ် ၆၀၀၀ကျပ် နှင့် ဖွဲနုတစ်အိတ် ၁၈၀၀ကျပ် ဈေးကျကာ၊ ပေါ်ဆန်းမွှေးဆန်နှင့် ညှော်မထ ဆန် (မနောသုခ)(သစ်) ဈေးတည်ငြိမ်လျက်ရှိသည်။

ညှော်မထဆန် (မနောသုခ) (ဟောင်း) ဈေးမြင့်တက်လာခြင်းမှာ အဝယ်လိုက်လာ၍ ဖြစ်ပါကြောင်း ဆန်ကွဲ B (1,2) ၊ ဆန်ကွဲ B (2,3,4) ၊ဖွဲနုများ ဈေးကျဆင်းသွားခြင်းမှာ ကုန်ကြမ်းများပြားလျက်ရှိနေပြီး ဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်းသွားခြင်းဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံမှ သိရသည်။

**Source: ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## နိုင်ငံခြားငွေလဲနှုန်းများ ကျနေသော်လည်း အခြေခံစားကုန် ဈေးဆက်လက်မြင့်နေဆဲ

အမေရိကန်ဒေါ်လာအပါအဝင် ထိုင်းဘတ်နှင့် တရုတ်ယွမ်ငွေလဲလှယ်နှုန်းများ ဆက်တိုက်ကျလာသော်လည်း အခြေခံစားသောက်ကုန်ဈေးနှုန်းများမှာ ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။

ယနေ့ အောက်တိုဘာ ၃ ရက်၌ တစ်ဒေါ်လာလျှင် ငွေကျပ် ၄၆၀၀ ဝန်းကျင်ခန့်ရှိပြီး ပြီးခဲ့သည့် လများထက် ကျပ် ၂၀၀၀ ဝန်းကျင် ပြန်ကျဆင်းလာကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် ထိုင်းဘတ်ငွေလဲလှယ်နှုန်းလည်း ဩဂုတ်လအတွင်း ထိုင်း ၁ ဘတ်ကို ကျပ် ၂၀၀ ဝန်းကျင်အထိ စံချိန်တင် မြင့်တက်ခဲ့ရာမှ ယနေ့တွင် ၁၄၀ ကျပ်ဝန်းကျင်ထိ ပြန်ကျလာသည်ကို တွေ့ရသည်။

ယင်းကဲ့သို့ ငွေလဲလှယ်နှုန်းများ ကျလာသော်လည်း အခြေခံစားကုန်များမှာ ဈေးမကျဘဲ အမြင့်ဈေးတွင်သာ ဆက်ရှိနေဆဲဖြစ်ကြောင်း ရန်ကုန်မြို့ခံ အိမ်ရှင်မများထံမှ သိရသည်။

“ဈေးတွေတက်တုန်းကတော့ အပြိုင်လိုက်တက်ကြတာပဲ။ အခုတစ်ပတ်နဲ့တစ်ပတ် ဈေးသွားရင်တောင် မတူဘူး။ ဈေးကတက်နေတုန်းပဲ ”ဟု တာမွေမြို့နယ်မှ အိမ်ရှင်မတစ်ဦးက ဆိုသည်။

နိုင်ငံခြားငွေဈေးကွက်အတွင်း ဈေးအပြောင်းအလဲများကြောင့် အခြေခံစားသောက်ကုန်နှင့် ဆေးဝါးများသည် ၂၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ပြီးခဲ့သည့်လပိုင်းများက ဈေးနှုန်းမြင့်တက်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အခြေခံကျသည့် စားသောက်ကုန်အများစုကို ထိုင်းနှင့် တရုတ်နယ်စပ်များမှ တင်သွင်းပြီး အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းအပါအဝင် ထိုင်းဘတ်နှင့် တရုတ်ယွမ်ငွေ အတက်အကျပေါ်မူတည်ကာ ကုန်ဈေးနှုန်းများ ပြောင်းလဲခြင်းလည်း ဖြစ်သည်။

**Source:** https://www.popularmyanmar.com/

## ထိုင်းနိုင်ငံ၊ ယစ်မျိုးခွန်ဦးစီးဌာနက ကာဗွန်အခွန်ကောက်ခံနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

စင်ကာပူနိုင်ငံက ကောက်ခံလျက်ရှိသည့် ကာဗွန်ကဲ့သို့ သန့်စင်ပြီးဆီပေါ်တွင် ကာဗွန်အခွန် ကောက်ခံနိုင်ရေး ထိုင်းနိုင်ငံ ယစ်မျိုးခွန်ဦးစီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ပြီးဖြစ်သည့် ကာဗွန်အခွန်ကောက်ခံရေးဆိုင်ရာဝန်ကြီးဌာနလုပ်ထုံးလုပ်နည်းကို အစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ ကာဗွန် ၁ တန်လျှင် အခွန် ဘတ် ၂၀၀ ကောက်ခံသွားမည်ဖြစ်ပြီး ပထမဆုံး ကာဗွန်အခွန်ကောက်ခံသည့် အာရှနိုင်ငံဖြစ်သည့် စင်ကာပူနိုင်ငံ၏ နှုန်းထားဖြစ်သည့် စင်ကာပူဒေါ်လာ ၅ ဒေါ်လာ အတိုင်းဖြစ်ပါကြောင်း၊ မကြာသေးမီက စင်ကာပူသည် ကာဗွန် ၁ တန်လျှင် အခွန်ကို စင်ကာပူဒေါ်လာ ၂၅ ဒေါ်လာ (ဘတ် ၆၂၉) သို့တိုးမြှင့်လိုက်ပြီဖြစ်ကြောင်း၊ ကာဗွန်အခွန်သည် ပြည်သူများအသုံးပြုသော ဆီအပေါ် ကောက်ခံမည်မဟုတ်သဖြင့် ဆီ၏ အခွန်နှုန်းထားမပြောင်းလဲပါကြောင်း၊ လက်ရှိဆီအပေါ်တွင် ကောက်ခံသည့်နှုန်းမှာ လီတာလျှင် ၆ ဒသမ ၄၄ ဘတ်ဖြစ်သဖြင့် ဒသမ ၄၅ သည် ကာဗွန်အခွန်အတွက်ဖြစ်မည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များသည် ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်ပါက အခွန်နည်းနိုင်မည်ဖြစ်ကြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Kkniti Nitithanprapas က ရှင်းလင်းပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် နှစ်စဉ်ကာဗွန်တန်ချိန် ၃၇၂ သန်း ထုတ်လွှတ်လျက်ရှိပြီး ၇၀ ရာခိုင်နှုန်းသည် စွမ်းအင်နှင့်သယ်ယူ ပို့ဆောင်ရေးကဏ္ဍများမှ ဖြစ်ပါကြောင်း၊ စွမ်းအင်ကဏ္ဍတစ်ခုတည်းမှ ၃၇ ရာခိုင်နှုန်း ထုတ်လွှတ်လျက်ရှိပါကြောင်း၊ နိုင်ငံတကာ သဘောတူညီချက်များအပေါ် ထိုင်းနိုင်ငံ၏ ကတိကဝတ်ကို ပြည့်မီစေရေးအတွက် ကာဗွန်ထုတ်လွှတ်မှုကို တန်ချိန် ၃၁၄,၀၀၀ ထိလျှော့ချပေးနိုင်သော လျှပ်စစ်မော်တော်ကားကဏ္ဍမြှင့်တင်နိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း ၊ သဘာဝပတ်ဝန်းကျင်- လူမှုရေး- အုပ်ချုပ်ရေး ဦးတည်သော အေဂျင်စီဖြစ်လိုသည့်ဦးစီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ပေး သည့် bioethylene အပေါ် အခွန်သုညရာခိုင်နှုန်းသတ်မှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ bioethylene သည် ပီလောပီနံအပင်မှရရှိပြီး သဘာဝပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သည့် ဘိုင်အိုပလတ်စတစ်ထုတ်လုပ်နိုင်ပါကြောင်း ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ပြောကြားခဲ့သည်။

မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် ရည်ရွယ်သည့် Facility များဖြင့် ပြင်ဆင်ထားသည့် ခရီးသည်တင်ယာဉ်များအပေါ် အခွန်သုညရာခိုင်နှုန်း သတ်မှတ်နိုင်ရေးလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်ကာလများတွင် ပြည်သူများ ၏ ကျန်းမာရေးအတွက် သကြားအခွန်ကို မိတ်ဆက်ခဲ့ပါကြောင်း၊သကြားပါဝင်မှု ၁၄ ဂရမ်အထက်ရှိသော အဖျော်ယမကာများတွင်

အခွန် ၅ ဘတ်၊ ၁၀ ဂရမ်ပါဝင်ခဲ့လျှင် အခွန် ၃ ဘတ်နှင့် ၈ ဂရမ်ပါဝင်ခဲ့ပါက အခွန် ၁ ဘတ် စသည်ဖြင့် ကောက်ခံခဲ့ပြီး ၆ ဂရမ်အောက်နည်းပါက ကင်းလွတ်ခွင့်ရရှိပါကြောင်း၊ ရလဒ်အနေဖြင့် ထုတ်လုပ်သူများသည် အဖျော်ယမကာများတွင် သကြားပါဝင်မှုနှုန်းကို လျှော့ချနိုင်ခဲ့ပြီး ၁ လီတာလျှင် သကြား ၁၄ ဂရမ် ပါဝင်မှုကြောင့် လီတာ ၈၁၉ သန်းမှ ၁၆ သန်းအထိ လျှော့ချနိုင်ခဲ့ကြောင်း၊၂၀၂၄ ခုနှစ် ပထမ ၁၁ လအတွင်း ယစ်မျိုးခွန်ဦးစီးဌာနအနေဖြင့် ဘတ် ၄၈၂ ဘီလီယံ ဝင်ငွေ ကောက်ခံနိုင်ခဲ့ပြီး ဘတ် ၅၂၀ ဘီလီယံသို့ ရောက်ရှိရန် ခန့်မှန်းထားပါကြောင်း၊ ၂၀၂၅ ဘဏ္ဍာနှစ်တွင် ဝင်ငွေ ဘတ် ၆၀၀ ဘီလီယံ ရရှိရန်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**Source: www.bangkokpost.com**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ရင်းနှီးမြှုပ်နှံမှုများ အရှိန်မြှင့်တင်ရန် အထူးစီးပွားရေးဇုန် (SEZ) အသစ်များ အင်ဒိုနီးရှားထူထောင်မည်

အင်ဒိုနီးရှားနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုများအား အရှိန်မြှင့်တင်ရန် အထူးစီးပွားရေးဇုန် (SEZ) အသစ် ၆ ခုတည်ထောင်မည်ဖြစ်ပြီးလက်ရှိတည်ရှိနေသော ဇုန်တစ်ခုကို ထပ်မံတိုးချဲ့ မည်ဟုသိရသည်။

အင်ဒိုနီးရှားနိုင်ငံ စီးပွားရေးရာ ညှိနှိုင်းဆောင်ရွက်ရေးဝန်ကြီးဖြစ်သူ Airlangga Hartarto က စီးပွားရေးဇုန်များသည် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၇၂ ဘီလီယမ်ကို ဆွဲဆောင်နိုင်ပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ၁၄ သန်းရရှိနိုင်ရန် မျှော်လင့်ရကြောင်း ၂၅-၉-၂၀၂၄ ရက်က ပြောကြားခဲ့သည်။

SEZ အသစ် ၆ ခုသည် East Java ပြည်နယ်ရှိ Sidoarjo ၊ East Kalimantan ပြည်နယ်ရှိ East Kutai ၊ West Java ပြည်နယ်ရှိ Subang တွင် ၂ ခု၊ North Kilamantan ပြည်နယ်ရှိ Bulungan နှင့် Central Java ပြည်နယ်ရှိ Batang တို့တွင် တည်ရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇုန်များ၏ အရွယ်အစားမှာ ၄၈၀ ဟက်တာမှ ၁၀၀၀၀ ဟက်တာအထိ ကျယ်ဝန်းမည်ဖြစ်ပြီး လက်ရှိ တည်ရှိပြီးဖြစ်သော Riau ကျွန်းများရှိ Nongsa မှ SEZ ကို ၂၂ ဒသမ ၄၃ ဟက်တာ ထပ်မံတိုးချဲ့မည်ဟုသိရသည်။ SEZ အသစ်များသည် အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးကြီးထွားမှုကို လာမည့် ၅ နှစ် မှ ၁၀ နှစ်အတွင်း အရှိန်မြှင့်တင်ပေးနိုင်ရန် မျှော်လင့်ရကြောင်း သိရသည်။

စုစုပေါင်းအနေနှင့် အင်ဒိုနီးရှားတွင် SEZ ၂၉ ထိရှိလာလိမ့်မည်ဟု သိရသည်။

**Source : Vietnam Plus**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ကမ္ဘောဒီးယားနိုင်ငံမှ ဂျပန်နိုင်ငံသို့ ကုန်ပစ္စည်းများတင်ပို့မှုသည် ၂၀၂၄ ခုနှစ် ပထမရှစ်လတာ ကာလအတွင်း ၂၀ ရာခိုင်နှုန်း အထိမြင့်တက်လာ

ကမ္ဘောဒီးယားနိုင်ငံမှ ဂျပန်နိုင်ငံသို့ ကုန်ပစ္စည်းများတင်ပို့မှုသည် ၂၀၂၄ ခုနှစ် ပထမရှစ်လတာ ကာလအတွင်း၂၀ ရာခိုင်နှုန်းတိုးမြင့်လာပြီး ၂၀၂၃ ခုနှစ် ပထမရှစ်လတာကာလက အတိုင်းအတာနှင့် နှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၉၂၄ သန်းအထိ ရောက်ရှိခဲ့ကြောင်း အကောက်ခွန်နှင့်ကုန်သွယ်စီးဆင်းမှုဦးစီးဌာန(GDCG)၏ နောက်ဆုံးကုန်သွယ်မှု အချက်အလက်များအရ သိရသည်။

ပို့ကုန်များတိုးလာခြင်းကြောင့် လက်ရှိတွင် ဂျပန်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ စတုတ္ထ အကြီးဆုံး ပို့ကုန်တင်ပို့သော နိုင်ငံဖြစ်လာပြီး နိုင်ငံတော်ပို့ကုန်စျေးကွက်၏ ၅ ဒသမ ၃ ရာခိုင်နှုန်း အထိရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် ယခုအခါတွင် ကမ္ဘောဒီးယားနိုင်ငံ ပဉ္စမမြောက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှု (ပို့ကုန်နှင့်သွင်းကုန်များအပါအဝင်)သည် ၂၀၂၄ ခုနှစ် ပထမ ရှစ်လအတွင်း ကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၆ ဒသမ ၉ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံမှ ဂျပန်နိုင်ငံသို့ အဓိကတင်ပို့သော ပို့ကုန်များမှာ အဝတ်အထည်၊ အိတ်၊ ဖိနပ်၊ ပရိဘောဂ ၊ အလှကုန်၊ စက္ကူ၊ ရုံးသို့ပစ္စည်းများနှင့် သားရေထုတ်ကုန်ပစ္စည်းများဖြစ်သည်။

ဂျပန်နိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ အဓိကတင်ပို့သည်များမှာ စက်ယန္တရား၊ မော်တော်ကား၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ ပရိဘောဂများ၊ အထည်များနှင့် ပလတ်စတစ်များ ဖြစ်သည်။

နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြင့်လာမှုသည် နှစ်နိုင်ငံဆက်ဆံရေးကို အားကောင်းလာစေပြီး ဘုရင့်အစိုးရ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်မှုအမျိုးမျိုးအတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JJCA) မှ တိုးမြင့်ကူညီမှုတွင် တွေ့မြင်ရသည်။

ဂျပန်နိုင်ငံသည် ၂၀၂၃ ခုနှစ်က ကမ္ဘောဒီးယားအမျိုးသားဘဏ်၏ အချက်အလက်များအရ တရုတ်၊ ကိုရီးယားနှင့် ကနေဒါတို့ပြီးလျှင် စတုတ္ထမြောက်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) အများဆုံးသောနိုင်ငံဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာတွဲဖက် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ကြောင်း သိရသည်။

**Source: khmertimeskh**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## အိန္ဒိယနိုင်ငံ၏ စားနပ်ရိက္ခာထုတ်လုပ်မှုသည် ၂၀၂၃-၂၀၂၄ တွင် ၃၃၂ ဒသမ ၂၂ MT စံချိန်တင်ရောက်ရှိခဲ့

အိန္ဒိယနိုင်ငံ၏ စားနပ်ရိက္ခာထွက်ရှိမှုသည် ဂျုံနှင့် ဆန်အထွက်နှုန်းတိုးတက်မှုတို့ကြောင့် ၂၀၂၃-၂၀၂၄ ခုနှစ်၊ ဇွန်လကုန်တွင် တန်ချိန် ၃၃၂ ဒသမ ၂၂ သန်းအထိ စံချိန်တင်ခဲ့ကြောင်း အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးဝန်ကြီးဌာနမှ ၂၅.၉.၂၀၂၄ ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့သည်။

၂၀၂၃-၂၀၂၄ ခုနှစ်အတွက် နောက်ဆုံးခန့်မှန်းချက်မှာ ၂၀၂၂-၂၀၂၃ ခုနှစ်က တန်ချိန် ၃၂၉ ဒသမ ၆ သန်းထက် တန်ချိန် ၂ ဒသမ ၆၁ သန်းတိုးလာကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

စပါးထုတ်လုပ်မှုမှာ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၁၃၅ ဒသမ ၇၅ သန်းမှ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် တန်ချိန် ၁၃၇ ဒသမ ၈၂ သန်းအထိ စံချိန်တင်ရောက်ရှိခဲ့သည်။

ဂျုံအထွက်နှုန်းမှာလည်း ၂၀၂၂-၂၀၂၃ ခုနှစ်က တန်ချိန် ၁၁၀ ဒသမ ၅၅ သန်းနှင့် နှိုင်းယှဉ်ပါက ၂၀၂၃-၂၀၂၄ ခုနှစ်တွင် တန်ချိန် ၁၁၃ ဒသမ ၂၉ သန်း အထိမြင့်တက်ခဲ့သည်။

ပဲမျိုးစုံထွက်ရှိမှုမှာ တန်ချိန် ၂၆ ဒသမ ၀၅ သန်းမှ ၂၄ ဒသမ ၂၄ သန်းသို့ ကျဆင်းခဲ့ပြီး ဆီထွက်နှုန်းမှာ တန်ချိန် ၃၉ ဒသမ ၆၆ သန်းမှ တန်ချိန် ၄၁ ဒသမ ၃၅ သန်းသို့ ကျဆင်းခဲ့ကြောင်းသိရသည်။

ဝန်ကြီးဌာနသည် ပဲမျိုးစုံ၊ ကောက်နှံကြမ်းများ၊ ပဲပုပ်နှင့် ဝါဂွမ်းထုတ်လုပ်မှု ကျဆင်းမှုသည် Maharashtra အပါအဝင် တောင်ပိုင်းပြည်နယ်များတွင် မိုးခေါင်ရေရှားမှုအခြေအနေများနှင့် ဩဂုတ်လများအတွင်း အထူးသဖြင့် Rajasthan တွင် အချိန်ကာလကြာမြင့်စွာ ခြောက်သွေ့ခြင်းတို့ကြောင့် ဖြစ်သည်။

ကြံထွက်ရှိမှုမှာ တန်ချိန် ၄၉၀ ဒသမ ၅၃ သန်းမှ ၄၅၃ ဒသမ ၁၅ သန်းသို့ ကျဆင်းသွားပြီး ဝါဂွမ်းအတွက် ၃၂ ဒသမ ၅၂ သန်းသို့ ကျဆင်းသွားခဲ့သည်။

အဆိုပါ ခန့်မှန်းချက်များသည် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေများမှ ရရှိထားသော အချက်အလက်များအပေါ် အခြေခံထားခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။

**Source: khmertimeskh**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (4.10.2024)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Oct. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,626 (Shares) | 20,169,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,700 | 30 | 261,000 | 33,109,694 | 288,054 |
| MTSH | 00002 | 3,450 | -50 | -1.43% | 3,450 | 3,450 | 3,450 | 1 | 3,450 | 38,929,150 | 134,306 |
| MCB | 00003 | 9,000 | +0 | +0.00% | 9,000 | 9,000 | 9,000 | 0 | 0 | 10,400,986 | 93,609 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,850 | 1,900 | 1,850 | 775 | 1,472,450 | 29,664,613 | 56,363 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 401 | 1,102,750 | 12,823,224 | 35,264 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 644 | 1,094,800 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 0 | 0 | 10,497,598 | 47,239 |
| MAEX | 00008 | 3,400 | -50 | -1.45% | 3,400 | 3,400 | 3,400 | 4,775 | 16,235,000 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 4th Oct. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 408.09 | -1.66 | -0.41% | 408.34 | 409.12 | 408.09 | 6,626 | 20,169,450 | 8 | 769,733 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 4th Oct. 2024

| Trading Volume | Trading Value |
|---|---|
| 6,626 (Shares) | 20,169,450 (MMK) |

## Main Board

As of 1:00 pm, 4th Oct. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,626 (Shares) | 20,169,450 (MMK) |

| MYANPIX | 408.09 ▼ 1.66 |
|---|---|
| Total Volume (shares) | 6,626 |
| Total Value (MMK) | 20 mil |
| Listed Company | 8 |
| Market Cap. (MMK) | 769,733 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 3,450 | ▼ 50 |
| MCB | 00003 | 9,000 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,400 | ▼ 50 |